
Great Illustrated Classics

# အော်လီဗာတွစ်



Charles Dickens
Oliver Twist

တင်မောင်မြင့်

# Charles Dickens
# Oliver Twist

K0359

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ (၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၁၉ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ်နှင့် - စွယ်တော် (၀၀၄၁၁)
အတွင်းပုံနှိပ် အမှတ်-၁၄၇၊ ၅၁-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ဘဌေးကြည်
အတွင်းသရုပ်ဖော် - *Old Illustrator:Cruikshank.George,*
*Frederick William*
တန်ဖိုး - ၂၂၀၀ ကျပ်

Great Illustrated Classics

Charles Dickens

# Oliver Twist

# အော်လီဗာတွစ်

တင်မောင်မြင့်



# မာတိကာ


| | | | |
|---|---|---|---|
| အခန်း | (၁) | လောကကြီးထဲမှာ တစ်ယောက်တည်း | ၁၁ |
| အခန်း | (၂) | ခေါင်းတလားများကြားမှ အော်လီဗာ လွတ်မြောက်ခြင်း | ၁၈ |
| အခန်း | (၃) | ဖာဂင်နှင့် သူခိုးတစ်သိုက်ကို အော်လီဗာ တွေ့ဆုံခြင်း | ၂၅ |
| အခန်း | (၄) | အော်လီဗာ ထောင်ချောက်ထဲ ဝင်ပြီးမှ လွတ်မြောက်ခြင်း | ၃၃ |
| အခန်း | (၅) | အော်လီဗာ လွတ်မြောက် | ၄၄ |
| အခန်း | (၆) | အော်လီဗာ ပြန်ပေးဆွဲခံရခြင်း | ၅၂ |
| အခန်း | (၇) | ဘုရားကျောင်းပုလိပ် ပြန်ပေါ်လာခြင်း | ၅၇ |
| အခန်း | (၈) | ဓားပြတိုက်ဖို့ စီမံချက် | ၆၁ |
| အခန်း | (၉) | မဆုံးနိုင်တဲ့ လျှို့ဝှက်ချက် | ၆၇ |
| အခန်း | (၁၀) | ဖာဂင်ရဲ့ လျှို့ဝှက်ချက် | ၇၂ |
| အခန်း | (၁၁) | လူမွဲရိပ်သာမှ အချစ်ဇာတ်လမ်း ရေမြောင်းထဲမှ သူငယ်လေး | ၇၆ |

| | | | |
|---|---|---|---|
| အခန်း | (၁၂) | အော်လီဗာ၏ ကံကောင်းခြင်း အစ | ၈၁ |
| အခန်း | (၁၃) | ထူးဆန်းတဲ့ သပွတ်အူ ဇာတ်လမ်း | ၈၇ |
| အခန်း | (၁၄) | ဆူးမဲ့နှင်းဆီ | ၉၄ |
| အခန်း | (၁၅) | နီဝါကလေးပိုးလ်၊ ရှားလော့နဲ့ ဖျံကလေး ဂျက်ဒေါကင် တို့အကြောင်း | ၁၀၀ |
| အခန်း | (၁၆) | နန့်စီကံကြမ္မာ | ၁၀၄ |
| အခန်း | (၁၇) | လူသတ်မှု | ၁၀၈ |
| အခန်း | (၁၈) | ဘုန်းကြီးအကြောင်း | ၁၁၄ |
| အခန်း | (၁၉) | ဘီလ်ဆိုက်၏ ဇာတ်သိမ်းခန်း | ၁၂၀ |
| အခန်း | (၂၀) | ကွင်းဆက်ကလေးများ | ၁၂၅ |
| အခန်း | (၂၁) | ဖျံကြီးဖာဂင်၏ ဇာတ်သိမ်းပိုင်း | ၁၃၄ |
| အခန်း | (၂၂) | ဇာတ်သိမ်း | ၁၃၇ |
| အခန်း | (၂၃) | ရတနာများ | ၁၃၉ |

## ဇာတ်ကောင်များ

| | | |
|---|---|---|
| အဂ္ဂနက်စ်ဖလင်းမင်း | - | အော်လီဗာတွစ်၏ အမေ |
| အော်လီဗာတွစ် | - | အလုပ်ရုံထဲတွင် မွေးဖွားသည့် မိဘမဲ့ ဆင်းရဲသားကလေး |
| အဘွားကြီးဆယ်လီ | - | အလုပ်ရုံ သူနာပြု |
| မစ္စက်မန်း | - | မိဘမဲ့ကလေး အလုပ်ရုံ ကြီးကြပ်ရေးမှူး |
| မစ္စတာဘမ်းဘဲလ် | - | ဘုရားကျောင်းရဲ့ ဝန်ထမ်း |
| မစ္စက်ကော်နေး | - | အလုပ်ရုံ ကြီးကြပ်ရေးမှူး |
| မစ္စတာဆိုဝါဘာရီ | - | ခေါင်းတလားစပ်သည့် လုပ်ငန်းပိုင်ရှင် |
| မစ္စက်ဆိုဘာရီ | - | ဆိုဘာရီ၏ ဇနီး |
| ရှားလော့ | - | မစ္စက်ဆိုဘာရီ၏ အစေခံ |
| ဒစ်ကလေး | - | အလုပ်ရုံမှ ဆင်းရဲသား အလုပ်သမားလေး |
| ဖာဂင်(ဖျုံကြီး) | - | သူခိုးကြမ်းပိုး ခါးပိုက်နှိုက် ခေါင်းဆောင် |
| ချာလီဘိတ်စ် | - | ဖာဂင့်တပည့် သူခိုး |
| ဘီလ်ဆိုက် | - | ဓားပြလူဆိုး ဖောက်ထွင်းရေးသမား |

| | | |
|---|---|---|
| ဘက်(တ်) | - | ဖာဂင့်တပည့် သူခိုး |
| နန်စီ | - | ဘီလ်ဆိုက်၏ ရည်းစား၊ ဖာဂင့်အတွက် အလုပ်လုပ်ပေး |
| တိုဘီခရက်ကစ် | - | ဖောက်ထွင်းဝိဇ္ဇာ |
| မစ္စက်ဘက်ဒွင် | - | မစ္စတာဘရောင်းလို၏ အိမ်ဖော် |
| မစ္စတာဘရောင်းလို | - | ကြင်နာတတ်သည့် လူကြီးလူကောင်း |
| မစ္စတာဖန်း | - | ရက်စက်သည့် တရားသူကြီး |
| မစ္စတာဂရင်းဝစ် | - | မစ္စတာဘရောင်းလို၏ မိတ်ဆွေ |
| မွန့်(ခ်) | - | အော်လီဗာကို မုန်းတီးနေသည့် လူထူးလူဆန်း |
| မစ္စက်မေလီ | - | အော်လီဗာ့မိတ်ဆွေ အမျိုးသမီး |
| ရိုစ်မေလီ | - | မစ္စက်မေလီ၏ တူမ |
| ဒေါက်တာလော့စ်ဘန်း | - | မစ္စက်မေလီ၏ မိတ်ဆွေ ဆရာဝန် |



ချားလ်စ်ဒစ်ကင်စ်

ချားလ်စ်ဒစ်ကင်စ်ကို ၁၈၁၂ ခုနှစ် အင်္ဂလန်နိုင်ငံ၊ လင်းပို့၌ မွေးဖွားသည်။ မွေးချင်း ရှစ်ယောက် ရှိသည်။ သူတို့ မိသားစုသည် တစ်ချိန်လုံး ကြွေးပတ်လည် ဝိုင်းနေခဲ့သည်။ နေရာတကျ မရှိဘဲ ဟိုပြောင်း သည်ရွှေ့နှင့် ချားလ်စ်ဒစ်ကင်စ် ကြီးပြင်းခဲ့ရသည်။ အဖေက အကျဉ်းထောင် ကျသွားသည်။ ချားလ်စ်ကလေး ငယ်ငယ်ရွယ်ရွယ်နှင့် ကျောင်းထွက်လိုက်ရသည်။ ဆင်းရဲမွဲတေခြင်းဒဏ်ကို အဆမတန် ခံစားခဲ့ရသည်။ ကလေးသူငယ်များ အလုပ်ရုံတွင် အလုပ်လုပ်ခဲ့ရပြီး ယင်းဘဝ၏ဒဏ်ကို ကောင်းကောင်း ခံစားခဲ့ရသည်။

ကံကောင်းထောက်မ၍ မိသားစု ပြေပြေလည်လည် ဖြစ်လာတော့မှ သူ ကျောင်းပြန်နေခွင့် ရသည်။ နောက်ပိုင်းတွင် ရှေ့နေတစ်ယောက်ထံတွင် စာရေး ဝင်လုပ်သည်။ တရားရုံး မြင်ကွင်းများကို သတင်းရေးပြီး မှုခင်း သတင်းထောက် လုပ်သည်။ နောက်တော့ အစိုးရအလုပ် ဝင်လုပ်သည်။

မြင်သမျှ၊ တွေ့သမျှ၊ ကြုံသမျှတွေကို အခြေပြုပြီး ဝတ္ထုတွေ ရေးပြီး မဂ္ဂဇင်းတိုက်များသို့ ပို့သည်။ ချက်ချင်း အောင်မြင်လာသည်။ နောက်ပိုင်းတွင် ဝတ္ထုရှည်ကြီးတွေ ဆက်ရေးသည်။ ကမ္ဘာကျော် ဂန္ထဝင်ဝတ္ထုကြီးများ ဖြစ်လာသည်။ ယင်းတို့မှာ Oliver Twist (1838), A Christmas Carol (1834), The Cricket on the Hearth (1845), David Copperfield (1850), A Tale of Two Cities(1859), Great Expectation(1861) တို့ အပါအဝင် ဖြစ်သည်။

ဒစ်ကင်စ်၏ ဇာတ်ကောင်များသည် အရောင်အသွေး စုံသည်။ ရေးသားပုံ သွက်သည်။ ရင်သပ်ရှုမောဖွယ် ဇာတ်လမ်းများဖြင့် အောက်ခြေဆင်းရဲသား လူတန်းစားဘဝကို သရုပ်ဖော်သည်။ အင်္ဂလန်နိုင်ငံ၏ တရားဥပဒေကို ပြောင်းပေးရသည်အထိ အစွမ်းထက်သည်။ ၁၈၇၀ ပြည့်နှစ် ကွယ်လွန်ချိန်အထိ စာတွေ အဆက်မပြတ် ရေးသွားခဲ့သည်။

❑

# အခန်း (၁)

## လောကကြီးထဲမှာ တစ်ယောက်တည်း

အဲဒီခေါ်က အင်္ဂလန်နိုင်ငံမှာ မြို့ကြီးကြီး ငယ်ငယ် 'လူမွဲရိပ်သာ' လို့ ခေါ်တဲ့ အိမ်အိုကြီးတွေ၊ တိုက်အို တိုက်ဟောင်းကြီးတွေ ရှိတယ်။ အဲဒီမှာ အိုးမဲ့အိမ်မဲ့တွေ၊ သူတောင်းစားတွေ၊ မိဘမဲ့ကလေးတွေ နေကြတယ်။ (မိဘမဲ့ကလေးတွေ ဆိုတော့ မွေးကတည်းက မိဘမဲ့နေကြတဲ့ ကလေးတွေချည်း ပဲပေါ့)

အဲဒီမှာ အလုပ်လုပ်နိုင်တဲ့ လူတိုင်း အလုပ်လုပ်ကြရတယ်။ အပြင်းအထန် လုပ်ကြရတယ်။ ဆင်းဆင်းရဲရဲ လုပ်ကြရတယ်။ မဝရေစာ စားပြီး သေကောင်ပေါင်းလဲ လုပ်ကြရတယ်။ အဲဒီလို ရိပ်သာတွေကို မြို့တိုင်းမှာရှိတဲ့ ဘုရားကျောင်း လူကြီးတွေက အဖွဲ့ဖွဲ့ပြီး စီမံအုပ်ချုပ်ကြ တယ်။ သူတို့ကို 'ဘုရားလူကြီးအဖွဲ့'လို့ ခေါ်ကြတယ်။ ရိပ်သာတွေကို စနစ်တကျ ထိန်းကွပ်ကြရတယ်။

နာမည်မဖော်လိုတဲ့ မြို့တစ်မြို့ရဲ့ အဲဒီလို ရိပ်သာတစ်ခုမှာ ကလေး တစ်ယောက် မွေးဖွားသန့်စင်ခဲ့တယ်။

မွေးဖွားဖို့ ကိစ္စမှာ မြို့က ဆရာဝန်ကြီးနဲ့ ဆယ်လီလို့ ခေါ်တဲ့ သားဖွားဆရာမအိုကြီးတို့ နှစ်ယောက်က အကူအညီ ပေးခဲ့ကြရတယ်။ ကလေးက ယောက်ျားလေး။ အသံကုန် အော်ငိုပြီး လူ့လောကထဲကို သူ ရောက်လာတယ်။ ကလေးအမေက နီတာရဲကလေးကို ငုံ့ပြီး မွေးမွေးပေး လိုက်တယ်။ ပြီးတော့ ဆရာမကြီးကို စကားတစ်ခွန်း၊ နှစ်ခွန်း တိုးတိုးလေး ပြောပြီး အသက်ကုန်သွားတယ်။

ဆရာဝန်က ခုတင်နံဘေးမှာ ရပ်ပြီး မေးတယ်။

"ကလေးမလေးက ရုပ်ရည် သနားကမားလေး၊ ဘယ်က ရောက် လာတာလဲ"

ဆရာမကြီး ဆယ်လီက ဖြေတယ်။

"သူ လမ်းပေါ်မှာ လဲကျနေတာကို လူတွေ တွေ့လာတာတဲ့ ဆရာ။ အဝေးကြီးက လာခဲ့ရပုံပဲလို့ ပြောကြတယ်။ ဖိနပ် နှစ်ဖက်စလုံး စုတ်ပြတ် နေတာပဲတဲ့။ သူ ဘယ်ကလာပြီး ဘယ်ကို သွားမယ် ဆိုတာတော့ ဘယ်သူမှ မသိကြဘူးတဲ့ ဆရာ"

"အင်း … အဖေလည်း မရှိဘူး ဆိုတော့ အဖြစ်က တော်တော် ဆိုးတာပဲ"

ဒီလိုနဲ့ ကလေးလေးဟာ ရိပ်သာပိုင် ဖြစ်သွားတယ်။ သက်ဆိုင်ရာ တွေက သူ့ကို အော်လီဗာတွစ်လို့ နာမည်ပေးလိုက်ကြတယ်။ နာမည်ကို အခြားကလေးတွေနဲ့ အက္ခရာဝလီစဉ်ပြီး 'အိုင်' ကို ယူလိုက်တာ။ မျိုးရိုးနာမည် 'တွီ'ကတော့ ကောင်းနိုးရာရာ ရွေးပြီး ပေးလိုက်ကြတာတဲ့။

သူ့အဖေဟာ သူဌေးတစ်ယောက်လား၊ သူတောင်းစားလား ဘယ်သူ မှ မသိကြဘူး။ အဖေ အမည်ခံမယ့် လူတစ်ယောက်မှ ပေါ်မလာဘူးလေ။ ဒီလိုနဲ့ မေတ္တာတရား ခေါင်းပါးရာ၊ ကလေးတစ်ယောက်ရဲ့ လိုအင်ဆန္ဒ မှန်သမျှ ဘာတစ်ခုမှ မရှိတဲ့ နေရာမှာ မိဘမဲ့ဘဝနဲ့ သူကလေး ဇာတ်လမ်း စခဲ့ရတယ်။

ဒီ့ထက် ဆိုးတာက နှိပ်စက်ညှဉ်းပန်းခံရရုံမက လှောင်ပြောင် သရော် ခံရတဲ့ အဖြစ်ပဲ။

အော်လီဗာ့ကို အခါလည် မပြည့်ခင် တခြား ရိပ်သာတစ်ခုကို ပြောင်း ပေးလိုက်တယ်။ အလုပ်ရုံလို့ ခေါ်ကြတဲ့ ရိပ်သာမျိုးပါ။ အဲဒီမှာ သူ့လိုမျိုး အခြား စွန့်ပစ်ကလေးပေါင်း သုံးဆယ် ရှိတယ်။ ရိပ်သာ ကြီးကြပ်ရေးမှူးက မစ္စက်မန်း ဆိုတဲ့ မိန်းမကြီး။ အရမ်းစိတ်ပုပ်တယ်။ ကလေးတွေအတွက် ကျွေးဖို့ မွေးဖို့ ပိုက်ဆံထဲက ဖြတ်သုံးတယ်။ ကလေးတွေကို အငတ်ငတ် အပြတ်ပြတ် ထားတယ်။

ပစ်စလက်ခတ် ထားလို့၊ ဝဝလင်လင် မစားရလို့ ကလေးတွေ အများအပြား သေကြတယ်။ ဘုရားကျောင်းအဖွဲ့က လူကြီး တစ်ယောက်ယောက် မလာရင် ကလေးတွေကို ရေချိုးမပေးဘူး။ ကောင်းကောင်း မကျွေးဘူး။ အော်လီဗာတွစ်ဟာ အဲဒီဘဝမျိုးကို ရှစ်နှစ်လုံးလုံး ဖြတ်သန်းခဲ့ရတယ်။ ဒီတော့ ပိန်ပိန်လှီလှီ ဖျော့ဖျော့တော့တော့ကလေး ဖြစ်နေတော့တာပေါ့။ ဒါပေမဲ့ သူ့စိတ်ဓာတ်က မာတယ်။ သူ့နှလုံးသားက ဖြူစင်တယ်။

သူ ကိုးနှစ်ပြည့် မွေးနေ့မှာ အော်လီဗာဟာ အခြားကလေး နှစ်ယောက် နဲ့အတူ မြေအောက်ခန်းထဲမှာ ပိတ်လှောင်ထားခံရတယ်။ အဖြစ်က ဆာတယ် ပြောမိလို့တဲ့။ သေကောင်ပေါင်းလဲ အရိုက်ခံရပြီးမှ ပိတ်လှောင်ခံလိုက်ရတာ။ အဲဒီမနက်မှာ မစ္စတာဘမ်းဘဲလ် မထင်ဘဲ ရောက်လာတယ်။

မစ္စတာဘမ်းဘဲလ် ဆိုတာ ပုပုဝဝနဲ့ သိပ်စိတ်တိုတဲ့ လူကြီး။ သူက ဘုရားကျောင်းလူကြီး အဖွဲ့ဝင်။ သူ့ကို လူတွေက ဘုရားကျောင်းပုလိပ်လို့ ခေါ်ကြတယ်။ သူက ဒီနာမည်ရတာကို ဘွဲ့ထူး ဂုဏ်ထူး တစ်ခု ရသလို ကျေနပ်နေတာတဲ့။ (လူတွေက သူ့ကို ရွဲ့လို့ ဒီဘွဲ့ထူး ပေးထားမှန်း သူ မသိဘူး။) ဒါကြောင့် ကြမ်းကြမ်းရမ်းရမ်း လုပ်ဖို့ သူ့မှာ လိုင်စင်ရထားတာ လို့ သူက ထင်တယ်။ ဒါကြောင့် အလုပ်ရုံ သံဝင်းတံခါးကြီးကို ခြေထောက် နဲ့ ဆောင့်ကန်ဖွင့်လိုက်တယ်။

"ကျုပ်က ဘုရားကျောင်းအဖွဲ့ လူကြီး၊ ဘာလို့ တံခါးအသင့် ဖွင့်မထားတာလဲ မစ္စက်မန်း၊ ကျုပ်က ရပ်စောင့်နေရမှာလားဗျ"

မစ္စက်မန်းက ရိုကျိုးစွာ ဦးခိုက်ပြီး သူ့ဦးထုပ်နဲ့ တုတ်ကောက်ကို ယူပြီး စားပွဲပေါ်မှာ တရိုတသေ သွားတင်ထားပေးတယ်။

အဲဒီမှာ မစ္စတာဘမ်းဘဲလ်က မစ္စက်မန်းကို ပြောတယ်။ အော်လီဗာ ဟာ ကိုးနှစ်ပြည့်ပြီမို့ မူလက လာခဲ့တဲ့ 'လူမွဲရိပ်သာ'ကို အလုပ်လုပ်ဖို့ ပြန်ပို့ရတော့မယ်တဲ့။

အဲဒီမှာ သားသားနားနား ရေမိုးချိုး သန့်စင်ထားတဲ့ အော်လီဗာ အခန်းထဲ ဝင်လာတယ်။ အဘွားကြီးက ပေါင်မုန့်တစ်ချပ် ကျွေးပြီး ခေါ်လာ တာလေ။ ဦးထုပ်ညိုကလေး တစ်လုံးလည်း ထုတ်ပေးတယ်။ ပြီးတာနဲ့ မစ္စတာဘမ်းဘဲလ်က သူ့ကို ကလေးရိပ်သာ အလုပ်ရုံကို ခေါ်သွားတယ်။ အဲဒီနေရာက လုံးဝ မင်္ဂလာမရှိတဲ့ နေရာ။ အကြင်နာစကားကို မကြားရတဲ့ နေရာ။ အော်လီဗာရဲ့ ဘဝဟာ ပိုမည်းမှောင်သွားခဲ့ရပါတော့တယ်။

မစ္စတာဘမ်းဘဲလ်က အော်လီဗာ့ကို မစ္စက်ကော်နေး လက်ထဲ မအပ်ခင် ပြောတယ်။ ဘုရားကျောင်းလူကြီး အဖွဲ့နဲ့ တွေ့ရမယ်တဲ့။ အဲဒီ အဖွဲ့ဆိုတာ အော်လီဗာ ဘာမှန်း မသိဘူး။ ဒါကြောင့် ငိုရမှာလား၊ ရယ်ရ မှာလား မသိဘဲနဲ့ လူကြီး ဆွဲခေါ်ရာကို ပါသွားတယ်။

"လူကြီးတွေနဲ့ တွေ့ရင် ဦးညွှတ်ပြီး အရိုအသေ ပေးရမယ်၊ ကြား လား"

အခန်းတစ်ခန်းထဲက စားပွဲတစ်လုံးမှာ လူတွေ အများကြီး စုထိုင် နေကြတယ်။ အစည်းအဝေး လုပ်နေကြတာတဲ့။

အော်လီဗာ ကြောက်နေတယ်။ ဝတ်ကောင်းစားလှနဲ့ ဒီလို လူကြီး တွေကို သူ တစ်ခါမှ မမြင်ဖူးဘူးလေ။ သူတို့အားလုံး ဆံပင်တုတွေနဲ့။ ကျလာတဲ့ မျက်ရည်တွေကို လက်ခုံနဲ့ သုတ်လိုက်တယ်။

မစ္စတာဘမ်းဘဲလ်က ကြိမ်လုံးနဲ့ နောက်က လှမ်းထောက်လိုက်မှ သတိရပြီး ဦးညွှတ်လိုက်တယ်။

စားပွဲဝိုင်းမှာ ထိုင်နေတဲ့ ကုတ်အင်္ကျီအဖြူနဲ့ လူကြီးတစ်ယောက် က ကလေးကို ကြည့်ပြီး ပြောတယ်။

"ကောင်လေးက ခပ်ရိုင်းရိုင်းကလေးပါ"

နောက်တစ်ယောက်က မေးတယ်။

''မင်းမှာ အဖေရော၊ အမေရော မရှိဘူး။ မင်းကို ဘုရားကျောင်းအဖွဲ့က ကျွေးမွေးပြီး ဒီအရွယ်ရောက်အောင် စောင့်ရှောက်လာခဲ့ရတယ် ဆိုတာ မင်း သိလား''

''ဟုတ်ကဲ့၊ သိပါတယ် ခင်ဗျာ''

ပြောရင်း အော်လီဗာ ငိုချလိုက်တယ်။

''အေး‥ ကောင်းပြီ။ မင်း ဒီကို ပညာသင်ဖို့ ရောက်လာတာ၊ အလုပ်လုပ်ဖို့ ပညာသင်ရမယ်။ ဒါမှ မင်း ပိုက်ဆံရမှာ၊ မနက်ဖြန်မနက် ခြောက်နာရီမှာ မင်း စရလိမ့်မယ်''


ပြီးတော့ သူ့ကို အခန်းကျယ်ကြီး တစ်ခန်းထဲ ပို့လိုက်ကြတယ်။ သစ်ရိုင်းတွေနဲ့ ဖြစ်ကတတ်ဆန်း ရိုက်ထားတဲ့ ခုတင်တွေ အများကြီးနဲ့ အခန်း။ အဲဒီအခန်းထဲမှာ သူ ငိုရင်း အိပ်ပျော်သွားတယ်။

ရိပ်သာလို့ နာမည်ပေးထားတဲ့ အလုပ်ရုံဟာ ကျက်သရေမင်္ဂလာရှိတဲ့ နေရာမျိုး လုံးဝ မဟုတ်ပါဘူး။ အစားအသောက် ဆင်းရဲလိုက်ပုံကလည်း ယာဂုကျဲကျဲက လွဲပြီး ဘာမှ မစားရဘူး။ ဒါလည်း ဝဝလင်လင်ကျွေးတာ မဟုတ်ဘူး။ ကြေးနဲ့ လုပ်ထားတဲ့ ပန်းကန်တွေက ကြေး(ဂျီး)လက်လေးသစ်၊ ကလေးတွေက ဇွန်းနဲ့ ခြစ်ငုတ်ကြရတယ်။ သူတို့ကလေးတွေက ဘာမှ မကျန်တော့တဲ့ ယာဂုအိုးအခွံတွေကို သွားရည်တများများနဲ့ ငေးကြည့်နေတတ်ကြတယ်။ လက်မှာ ပေနေတဲ့ ယာဂုတွေကို စုပ်သူက စုပ်လို့။

ကြာတော့ ကလေးတွေ အာဟာရဓာတ် ချို့တဲ့ပြီး အားနည်းသည်ထက် နည်းလာကြတယ်။ သုံးလ ကြာတော့ သူတို့ တိုင်ပင်ကြတယ်။ စားသောက်ခန်း တာဝန်ခံကို ယာဂုပိုပေးဖို့ ဝိုင်းပြောကြမယ်ပေါ့။ ဒါပေမဲ့ သူတို့ မအောင်မြင်ပါဘူး။ ယာဂုတိုက်ပွဲ မအောင်မြင်ဘဲ အော်လီဗာ ခေါင်းကွဲခဲ့ရတယ်လေ။

ဒီလိုပါ။ တစ်နေ့ ညစာအတွက် ယာဂုဝေတာ နည်းလွန်းတော့ ဘယ်သူမှ မဝကြဘူး။ အဲဒီမှာ အော်လီဗာက နည်းနည်းထပ်ပေးဖို့ ယာဂု ဝေတဲ့ ဆရာ့ဆီ သွားတောင်းတယ်။

''နည်းနည်းပေးပါဦး ဆရာ၊ ကျွန်တော် မဝလို့ပါ''



George Cruikshank

ယာဂုဆရာ လုပ်တဲ့လူက သူ့နားသူ မယုံသလို ပြန်မေးတယ်။

''ဘာကွ၊ မင်း ဘာပြောလိုက်တယ်''

''ယာဂု နည်းနည်းထပ်လိုချင်လို့ပါ ဆရာ''

အဲဒီမှာ ယာဂုဆရာ ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး ဇရာမယောက်ချိုဒွန်းကြီးနဲ့ သူ့ခေါင်းကို တအားလွှဲရိုက်ချလိုက်တယ်။ ရိုက်ရုံမကဘူး။ သူက မစ္စတာဘမ်းဘဲလ်ကို သွားတိုင်သေးတယ်။ ဘုရားကျောင်းအဖွဲ့က အော်လီဗာ့ကို တိုက်ပိတ်ဖို့ အမိန့်ချလိုက်ပါတော့တယ်။

❑

# အခန်း (၂)

## ခေါင်းတလားများကြားမှ အော်လီဗာ လွတ်မြောက်ခြင်း

အော်လီဗာ တစ်ပတ်လုံးလုံး တိုက်ပိတ်ခံရတယ်။ နေ့တိုင်း အရိုက်ခံရတယ်။ မနက်တိုင်း ရေအေးနဲ့ ဘုံပိုင်အောက်မှာ ခေါင်းကို ရေလောင်းခံရတယ်။ တခြား ကလေးတွေ သင်ခန်းစာယူဖို့ အော်လီဗာက သရုပ်ပြ ဖြစ်လာတယ်။ သည်လို နောက်မလုပ်ပါဘူးလို့ ဘုရားရှိခိုးရင် သစ္စာဆိုခိုင်းတာကို အော်လီဗာ နားထောင်ရတယ်။ စောင့်ကြည့်ရတယ်။

ဘုရားကျောင်း လူကြီးတွေ အော်လီဗာ့ကိစ္စကို တိုင်ပင်ကြတယ်။ ရောဂါထူပြောတဲ့ နေရာတွေကို သွားတဲ့ ကုန်သင်္ဘောတစ်စင်းပေါ် တင်ပေးလိုက်ရမလား၊ သူတို့ စိတ်ကူးကြတယ်။ ဒါပေမဲ့ မလုပ်ဖြစ်ဘူး။ မြို့က အခေါင်းစပ်တဲ့လူကို မစ္စတာဘမ်းဘဲလ်က မေးတယ်။

"လက်တိုလက်တောင်း ခိုင်းရင်း အသုဘကိစ္စတွေ ပညာသင်ပေးဖို့ ကလေးတစ်ယောက် မလိုချင်ဘူးလား"

''ဟာ…လိုချင်တာပေါ့ဗျာ''လို့ အဲဒီအသုဘလုပ်ငန်းပိုင်ရှင် မစ္စတာဆိုဝါဘာရီက ပြန်ပြောတော့ အလုပ်ဖြစ်သွားတယ်။

လုပ်ငန်းရှင်နဲ့ ဘုရားကျောင်း လူကြီးတွေ တွေ့ပြီး ဆွေးနွေးကြတယ်။ ငါးမိနစ်နဲ့ ကိစ္စပြတ်သွားတယ်။ အဲဒီညနေမှာပဲ ကောင်လေးကို ပို့ပေးဖို့ သဘောတူကြတယ်။ ဒီအကြောင်း အော်လီဗာ သိသွားတော့ ဘာမှ မပြောဘဲ စက္ကူအိတ်ကလေး တစ်လုံးထဲကို မဆိုသလောက် သူ့ပစ္စည်းပစ္စယကလေးတွေ ကောက်ထည့်တယ်။ ဦးထုပ်ညိုကလေးရောပေါ့။ ပို၍ဆိုးသောနေရာကနေ ထို့ထက်ဆိုးသော နေရာကို ပို့ဖို့ မစ္စတာဘမ်းဘဲလ်က သူ့ကို ဦးဆောင် ခေါ်သွားတယ်။

''ဩော်… ဒီကလေးလား၊ ဝင်ပါ၊ ကြွပါ ကြွပါ''

မစ္စတာဆိုဝါဘာရီက ကြိုဆိုပြီး မိန်းမကို လှမ်းခေါ်တယ်။ အရပ်ပုပု၊ မျက်နှာ ရှစ်ခေါက်ချိုးနဲ့ မိန်းမတစ်ယောက် ထွက်လာတယ်။ အော်လီဗာ့ကို ကြည့်ပြီး မကျေနပ်တဲ့ အသံနဲ့ ပြောတယ်။

''ဟင်… သေးသေးကလေးပါလား''

မစ္စတာဘမ်းဘဲလ်က အားပေးစကား ပြောတယ်။

''ထွားလာမှာပေါ့ မစ္စက်ဆိုဝါဘာရီရယ်''

''ဒါပေါ့၊ ဒါပေါ့။ ထွားလာမှာပါ။ ကောင်းကောင်း ကျွေးရ တိုက်ရမှာပေါ့လေ။ မိဘမဲ့ ကလေးတွေ မွေးရတာ သိပ်ကုန်တာရှင့်။ သူတို့ လုပ်အားရတာနဲ့ မကာမိဘူး။ ဟဲ့… ပိန်တာရိုးလေး၊ လာ‥အောက်ထပ် ဆင်းမယ်''

အသုဘလုပ်ငန်းပိုင်ရှင် ကတော်ကြီးက မတ်စောက်စောက် လှေကားထစ်တွေကို နင်းပြီး အော်လီဗာ့ကို အောက်ထပ် ခေါ်သွားတယ်။ မှောင်မည်းမည်း စိုစွတ်စွတ် အခန်းက မီးသွေးလှောင်တဲ့ အခန်းနဲ့ ကပ်လျက်။ အခန်းထဲမှာ စုတ်စုတ်ပြတ်ပြတ်နဲ့ ခပ်ငယ်ငယ် မိန်းမတစ်ယောက် ထိုင်နေတယ်။

မစ္စက်ဆိုဝါဘာရီရဲ့ အမိန့်ပေးသံ ထွက်လာတယ်။

''ဟဲ့… ရှားလော့၊ ဒီကောင်လေးကို ခွေးစာထဲက နည်းနည်းခွဲကျွေးလိုက်စမ်း''

အော်လီဗာ ဆာလှပြီ။ ခုအချိန်မှာ ဘာစားရ စားရ လွေးမှာပဲ။ ပြောသံကြားတာနဲ့ သွားရည်ယိုနေပြီ။ စားပြီးတာနဲ့ မစ္စက်ဆိုဝါဘာရီက သူ အိပ်ရမယ့် အခန်းကို ပို့ပေးတယ်။ ခေါင်းတလားတွေ ထားတဲ့ အခန်း။

"ကောင်လေး၊ နင့်အိပ်ရာက ဟောဟိုစားပွဲအောက်မှာ၊ အခေါင်းတွေကြားထဲမှာ နင် အိပ်ရပါတယ်နော်။ မအိပ်ရဲလည်း မတတ်နိုင်ဘူး။ နင် အိပ်စရာ ဒီတစ်နေရာပဲ ရှိတယ်"

အော်လီဗာက အခေါင်းထဲကို တစ်ခါတည်း ဝင်ပြီး သင်္ချိုင်းမှာ မြေမြှုပ်ခံပစ်လိုက်ရတာကမှ တော်ဦးမယ်လို့ စိတ်ထဲ တွေးနေတယ်။ မြေပုံပေါ်မှာ မြက်ပင်ရှည်တွေ လေယူရာ ယိမ်းလို့လေ။

မနက် မိုးလင်းတော့ အော်လီဗာ နိုးလာတယ်။ တစ်ယောက်ယောက်က အခန်းတံခါးကို တအားဆောင့်ကန်ပြီး ဖွင့်ခိုင်းနေတာကိုး။

လူငယ်တစ်ယောက် ဝင်လာတယ်။ ပုံစံက အောက်တန်းကျကျ။

"ဟေ့ကောင် မှတ်ထား။ ငါ့နာမည် နိုဝါကလေးပိုးလ်။ မင်း ငါ့လက်အောက်မှာ အလုပ်လုပ်ရမယ်။ ကဲ... ထ၊ မင်း ဒီမှာ စောက်ပျင်းထူနေလို့ မရဘူး"

ပြောပြောဆိုဆို သူက အော်လီဗာ့ကို ကန်ကျောက်ရင်း သူ့ကိုယ်သူ အရေးကြီးပုဂ္ဂိုလ်ဂိုက် ဖမ်းပြီး အလုပ်ခန်းထဲကို ခေါ်သွားပါတယ်။

နိုဝါကလေးပိုးလ် ဆိုတဲ့လူက ခေါင်းကြီးကြီး၊ မျက်ပေါက်ကျဉ်းကျဉ်း လူတစ်ယောက်ပါ။ သူက မစ္စတာဆိုဝါဘာရီရဲ့ အသုဘလုပ်ငန်းမှာ ဝင်လုပ်နေတဲ့ လူဆင်းရဲ ငမွဲတစ်ယောက်ပေါ့။ အခြား အိမ်နီးနားချင်း ရွယ်တူတန်းတူ လူငယ်တွေက သူ့ကိုရော သူတို့မိသားစုကိုပါ အရေးမထားကြဘဲ လှောင်ပြောင် သရော်တတ်ပါတယ်။ အောက်တန်းကျကျနဲ့ ဝမရှိဘဲ ဝိလုပ်ချင်တဲ့ လူစားတွေတဲ့။ ခုတော့ သူ အနိုင်ကျင့်ချင်တိုင်း ကျင့်လို့ရတဲ့ 'မိဘမဲ့ကလေး' တစ်ယောက် သူ ရလိုက်ပြီပေါ့။

တဖြည်းဖြည်းနဲ့ အသုဘကိစ္စ အဝဝနဲ့ သုဘရာဇာလုပ်ငန်းကို အော်လီဗာ နားလည်လာတယ်။ သူ့ရဲ့ ဖြူဖျော့ဖျော့ မျက်နှာကလေးကို မစ္စတာဆိုဝါဘာရီက သဘောကျတယ်။ ဒါကြောင့် အနက်ရောင်ဝတ်စုံ

ချုပ်ပေးပြီး နိဗ္ဗာန်ယာဉ်နောက်က လမ်းလျှောက်လိုက်ရတဲ့ တာဝန်ကို သူ ယူရတယ်။

ဒါကြောင့် သေခြင်းတရားနဲ့ ပူဆွေးသောက အကြောင်းကို သူ အနီးကပ် လေ့လာခွင့်ရခဲ့တယ်။

စိတ်အားငယ်နေသူတွေကို နှစ်သိမ့်ရကောင်းမှန်း သူ သိလာတယ်။ တစ်ဖက်ကလည်း သူ့ရဲ့ အားပေးနှစ်သိမ့်မှုအတွက် ကျေးဇူးတင်ကြတယ်ပေါ့။

ဒါပေမဲ့ ဆိုဝါဘာရီ အိမ်ကြီးထဲမှာတော့ အကြင်နာတရား၊ အကြင်နာ စကားကို သူ လုံးဝ ရှာမတွေ့ပါဘူး။ အလွန်မတန် အကျင့်ဆိုးတဲ့ နိုဝါကလေးပိုးလ် နဲ့ တွဲပြီး အလုပ်လုပ်ရတယ်။ ရှားလော့ ဆိုတဲ့ အမျိုးသမီးကလည်း နိုဝါ့ ခြေရာကို နင်းပြီး သူ့ကို နှိပ်စက်ပါတယ်။ မစ္စတာဆိုဝါဘာရီက အော်လီဗာ့ကို မျက်နှာသာပေးတဲ့အတွက် သူ့မိန်းမက ပိုပြီး မျက်မုန်းကျိုးနေပါတယ်။

နိုဝါက အော်လီဗာ့ကို အမျိုးမျိုး စတယ်။ တစ်နေ့မှာတော့ ညစာ အတူတူ စားနေရင်း မခံနိုင်လောက်တဲ့ စကားလုံးတွေနဲ့ နှိပ်စက်တယ်။

''မင်းအမေက မိန်းမကောင်း မဟုတ်ဘူး။ သူ သေသွားတာ ခပ်ကောင်းကောင်းကွ၊ သိလား။ မဟုတ်ရင် သူ ထောင်ကျမှာ၊ ထောင်ထဲ မှာ ကြိုးပေးခံရမှာ''

အော်လီဗာ့မျက်နှာ နီရဲသွားတယ်။

ဝုန်းခနဲ ခုန်ထပြီး နိုဝါ့လည်ပင်းကို တအားညှစ်တယ်။ တအား ညှစ်ပြီး တအား ကိုင်လှုပ်တော့ နိုဝါ့မျက်လုံးတွေ ပြူးပြီး လျှာထွက်လာ တယ်။ အော်လီဗာ မကျေနပ်သေးဘူး။ မျက်နှာကို တအား စွတ်ထိုးချ လိုက်တယ်။ နိုဝါ မြေကြီးပေါ် ကားခနဲ ကျသွားတယ်။

''လာကြပါဗျို့၊ လာကြပါဦး။ သူ ကျွန်တော့်ကို သတ်နေပါတယ်။ ရှားလော့… ရှားလော့၊ ဒီကောင်လေး ရူးသွားပြီ''

ရှားလော့ ရောက်လာပြီး အော်တယ်။

''ရဲကို ခေါ်.. ရဲတိုင်မယ်''

နိုဝါက ပြန်အော်တယ်။

''ဘုရားကျောင်း ပုလိပ်ကို ခေါ်၊ မစ္စတာဘမ်းဘဲလ်မှ ဒီငဆိုးလေး ကို ဘာလုပ်ရမလဲ သိမှာ''


George Cruikshank

မစ္စက်ဆိုဝါဘာရီ ရောက်လာပြီး အမိန့်ပေးတာပါ။

မစ္စတာဘမ်းဘဲလ် ရောက်လာတယ်။ ဒီလူဆိုးလေးကို ဘယ်လို လုပ်ရမှန်း သူ မသိ ဖြစ်နေတယ်။ ဒီကောင်လေးက သူ့ထက်ကြီးတဲ့ နိုဝါကို မှောက်သွားအောင် လုပ်လိုက်တဲ့အတွက် သူ နားမလည်နိုင်လည်း ဖြစ်နေ တယ်။

သော့ပေါက်က ချောင်းကြည့်ပြီး သူ အော်လီဗာနဲ့ စကားပြော တယ်။

''ဟေ့ ကောင်လေး၊ မင်း ငါ့ကို မကြောက်ဘူးလား''

အော်လီဗာက အသံမာမာနဲ့ ပြန်ပြောတယ်။

''မကြောက်ဘူး''

မစ္စက်ဆိုဝါဘာရီက ဝင်ပြောတယ်။

''သူ.. သူ ရူးသွားပြီ ထင်တယ် မစ္စတာဘမ်းဘဲလ်။ လူကြီး တစ်ယောက်ကို သူ ပြန်ပြောပုံ ကြည့်လေ။ သူ ရူးသွားပြီ''

''မရူးပါဘူး မစ္စက်ဆိုဝါဘာရီ၊ ခင်ဗျား အပြစ်ပဲဗျ။ သူတို့လို ကောင်မျိုးလေးတွေကို အစာဝအောင် မကျွေးရဘူးဗျ။ ခုမှတော့ လုပ်စရာ တစ်ခုပဲ ရှိတယ်။ မြေအောက်ခန်းထဲမှာ ခဏ ထည့်ပိတ်ထား၊ လုံးဝ အစာ မကျွေးနဲ့။ ပြီးတော့ ပြန်ထုတ်။ ယာဂုကလွဲပြီး ဘာမှ မကျွေးနဲ့''

မစ္စတာဆိုဝါဘာရီ ပြန်ရောက်လာတော့ သူ့ကို ကြိမ်ဒဏ်ပေးတယ်။ ပြီးတော့ ပေါင်မုန့်တစ်ချပ်၊ ရေတစ်ပုလင်း ပေးပြီး မီးဖိုနဲ့ကပ်လျက် အခန်းထဲ ထည့်ပိတ်ထားလိုက်တယ်။

အဲဒီညမှာ အော်လီဗာ ဝမ်းနည်းပက်လက် ငိုကြွေးတယ်။ ပြီးတော့ ထွက်ပြေးဖို့ ဆုံးဖြတ်လိုက်တယ်။ သူ့မှာ ရှိသမျှ ပစ္စည်းလေးတွေကို အဝတ်စ တစ်ခုနဲ့ ထုပ်ပိုးပြီး မနက် မိုးလင်းတာနဲ့ ထွက်ပြေးလာခဲ့တယ်။ ဒါပေမဲ့ ဘယ်ကို သွားရမှန်း သူ မသိဘူး။

လျှောက်ရင်း လျှောက်ရင်း ဇရာမ သံဝင်းတံခါးကြီးဆီကို ရောက် လာတယ်။ လက်စသတ်တော့ သူ ငယ်ငယ်ကတည်းက နေခဲ့တဲ့ ရိပ်သာဝင်း တံခါးကြီးကိုး။ ဝင်းထဲက ပန်းခြံဆီကို လှမ်းကြည့်လိုက်တယ်။ ပန်းတွေ ဝေနေ အောင် ပွင့်နေတဲ့ ပန်းခင်းဆီကို လျှောက်သွားနေတဲ့ ကလေး တစ်ယောက်ကို

လှမ်းမြင်တယ်။ သူနဲ့အတူတူ ဒီမှာ ကြီးပြင်းခဲ့တဲ့ သူငယ်ချင်း ကောင်လေး တစ်ယောက်ပါလား။ သူက အော်လီဗာ့ကို မြင်သွားတယ်။

"ဟေး… ဒစ်ကလေး၊ ဒစ်ကလေး"

အော်လီဗာ လှမ်းခေါ်တော့ ကောင်လေးက သူ့ကို တွေ့သွားပြီး ဂိတ်ဆီ ပြေးချလာတယ်။ ပြီးတော့ သံတံခါးကြားထဲကနေ သူ့လက်ချောင်း သေးသေးကလေးနဲ့ အော်လီဗာ့ လက်ကို လှမ်းဆွဲနှုတ်ဆက်တယ်။ သူတို့ နှစ်ယောက် မြေအောက်ခန်းထဲမှာ ချမ်းချမ်းစီးစီးနဲ့ ခဏခဏ ဖက်ငိုခဲ့ကြ ဖူးတယ်လေ။

"ငါ့ကို မင်း မြင်တယ်လို့ ဘယ်သူ့မှ မပြောနဲ့နော် ဒစ်ကလေး။ ငါ ထွက်ပြေးလာတာ၊ ငါ မနေနိုင်တော့ဘူး သူငယ်ချင်း။ သူတို့ အရမ်း နှိပ်စက်တယ်ကွာ။ ဟိုးအဝေးကြီးကို ငါ ပြေးမယ်။ ငါ ဘဝသစ်တစ်ခု ရှာမယ်၊ ဘယ်ကို သွားရမှန်းတော့ မသိသေးဘူး။ မင်း ကြည့်ရတာလည်း သွေးမရှိသလိုပါပဲလား ဒစ်ကလေး"

ဒစ်က ယဲ့ယဲ့ကလေး ပြုံးပြီး ပြန်ပြောတယ်။

"ဆရာဝန် ပြောတာ ငါ ကြားတယ်။ ငါ သိပ်ကြာကြာ မနေရဘူး တဲ့။ မကြာခင် သေမှာတဲ့။ ဒါဆို မင်း ဆက်ပြေးလေ။ သူတို့ မြင်သွားလိမ့် မယ်"

"အေး… မင်း မသေနိုင်ပါဘူးကွာ။ တို့ ပြန်တွေ့ကြမှာပါ။ ပျော်ပျော် ပါးပါး ကျန်းကျန်းမာမာနဲ့ ပြန်တွေ့ကြမယ်"

ဒစ်က ခပ်နိမ့်နိမ့် ခြံစည်းရိုး တစ်နေရာက ကျော်တက်လာပြီး အော်လီဗာ့ကို ပွေ့ဖက်နှုတ်ဆက်တယ်။

"အေး… ငါလည်း ပြန်တွေ့ဖို့ ဆုတောင်းပါတယ်ကွာ။ ကဲ… သွားတော့ အော်လီဗာ၊ မင်းအတွက် ငါ ဆုတောင်းပေးပါ့မယ် သူငယ်ချင်း"

ချာတိတ်က ဆုတောင်းစကားတွေ တတွတ်တွတ် ရွတ်နေတယ်။ အော်လီဗာ့ဘဝမှာ ပထမဆုံး ကြားဖူးတဲ့ ဆုတောင်းရွတ်ဆိုသံ။ သူ တစ်သက် လုံး မေ့နိုင်တော့မှာ မဟုတ်ပါဘူး။

❑

# အခန်း (၃)

## ဖာဂင်နှင့် သူခိုးတစ်သိုက်ကို အော်လီဗာ တွေ့ဆုံခြင်း

လန်ဒန်ကို သွားဖို့ အော်လီဗာ ဆုံးဖြတ်လိုက်တယ်။ မစ္စတာဘမ်းဘဲလ် မျက်ခြည်ပြတ်အောင် လုပ်ရမယ်လေ။ လမ်းပေါ်က ကလေးတစ်ယောက်ကို စောင့်ရှောက်မယ့် တစ်စုံတစ်ယောက်ကိုတော့ တစ်နေရာရာမှာ တွေ့နိုင်ကောင်းရဲ့လို့ အော်လီဗာ မျှော်လင့်ထားတယ်။

လန်ဒန်ကို ရောက်ဖို့ ခုနစ်ရက် ကြာတယ်။ သေလောက်အောင် ပင်ပန်းပြီး ခုနစ်ရက်မြောက်တဲ့နေ့အထိ မြို့ထဲ မရောက်သေးဘူး။ မြို့ပြင်မှာပဲ ရှိသေးတယ်။ လှေကားထစ်တစ်ခုမှာ သူ ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။ ကောင်လေးတစ်ယောက်က သူ့ကို စိတ်ဝင်တစား စောင့်ကြည့်နေမှန်း အော်လီဗာ သိနေတယ်။

ကောင်လေး အသက်က သူနဲ့ ရွယ်တူလောက်ပဲ။ ပုံစံက ခပ်ဆန်းဆန်း။ အော်လီဗာ တစ်ခါမှ မမြင်ဖူးတဲ့ ပုံမျိုး။ သေးသေးညှက်ညှက် စုတ်တီး

စုတ်ပြတ်ကလေး။ မျက်လုံးတွေက ကျီးကန်းမျက်လုံးလို မတည်မငြိမ်။ သူ့ခြေမျက်စိ ဖုံးနေတဲ့ လူကြီးကုတ်အင်္ကျီကြီးကို ဖိုးရိုးဖားရား ဝတ်ထားတယ်။ လက်နှစ်ဖက်စလုံး ဘောင်းဘီအိတ်ထဲ နှိုက်လို့။ ဆောင်းထားတဲ့ ဦးထုပ်ကလည်း လူကြီးဦးထုပ်ကြီး။ တစ်ဖက်ကို ငိုက်လို့။

"ဟဲလို… ဘယ်လို ဖြစ်လာတာလဲကွ"

ကောင်လေးက မေးတယ်။

"ငါ အရမ်းဗိုက်ဆာတယ်ကွာ။ ခုနစ်ရက်လုံးလုံး လမ်းလျှောက်လာခဲ့ရတာ"

"မင်း လန်ဒန် သွားမလို့လား"

"ဟုတ်တယ်"

"နေစရာ ရှိလား"

"မရှိဘူး"

"ပိုက်ဆံကော ရှိလား"

"မရှိဘူး"

"ကိစ္စမရှိဘူး၊ ဘာမှ မပူနဲ့။ ငါနဲ့ လိုက်ခဲ့၊ ငါနဲ့ အတူနေတဲ့ အဘိုးကြီးတစ်ယောက် ရှိတယ်။ သိပ်သဘောကောင်းတယ်။ မင်းကို ကျွေးရုံမကဘူး စောင့်ရှောက်လိမ့်မယ်။ နေဖို့ နေရာတောင် ပေးဦးမယ်"

အော်လီဗာက လိုက်သွားဖို့ ဆုံးဖြတ်လိုက်တယ်။ ဆာလှပြီလေ။ တစ်ဆုပ်တစ်ခဲ စားရလည်း အမြတ်ပေါ့။ လမ်းလျှောက်သွားရင်း သူ့နာမည်ကို အော်လီဗာ မေးကြည့်တယ်။ ဂျက်ဒေါကင်တဲ့။ ဖျံကလေး ဒေါ့ဂျာလို့လည်း ခေါ်ကြတယ်တဲ့။ သူ ပြောတဲ့ အဘိုးကြီးနာမည်က ဖျံကြီးတဲ့။ လန်ဒန်မြေအောက်လောကမှာ ခေါင်းတုံးပေါ် ထိပ်ကွက်နိုင်အောင် လည်လွန်းလို့ လူတွေက ဒီနာမည် ပေးထားကြတာတဲ့လေ။ အဲဒီညမှာ ချာတိတ် နှစ်ယောက် လန်ဒန်မြို့ထဲ ဝင်ခဲ့ကြတယ်။

ဒါလောက် ညစ်ပတ် စုတ်ပြတ်တဲ့ လမ်းမျိုး အော်လီဗာ တစ်ခါမှ မမြင်ဖူးဘူး။ လမ်းက ကျဉ်းရုံ မဟုတ်ဘူး၊ ရွှံ့ဗွက်က ခြေမျက်စိ မြုပ်တယ်။ မြောင်းပုပ်နံ့က တထောင်းထောင်း။ ည မှောင်မှောင်ကြီးထဲမှာတောင် ကလေး


George Cruikshank

တွေက လမ်းနဲ့ အပြည့်။ ဆိုင်ခန်းတွေ၊ အိမ်ခန်းတွေထဲ ဝင်ချည် ထွက်ချည်နဲ့။ အဝီစိပွက်သလို ဆူညံနေတော့ အော်လီဗာ ထွက်ပြေးဖို့ ဟန်ပြင်လိုက်တယ်။

အဲဒီအချိန်မှာပဲ ဖျံကလေးက တံခါးတစ်ချပ်ကို တွန်းဖွင့်ပြီး အိမ်အိုကြီး တစ်လုံးထဲ ဆွဲခေါ်သွားတယ်။ အဘိုးကြီးတစ်ယောက် ထိုင်နေတာ တွေ့ရတယ်။ လက်ထဲမှာ ခက်ရင်းကြီးတစ်ခု ကိုင်လို့။ မျက်နှာပေါ်က အရေးအကြောင်းတွေကို ညစ်ပတ်ပတ် နီကြန်ကြန် ဆံပင်တွေက ဖုံးကွယ်ထားတယ်။ သူက အကြော်ဒယ်အိုးကို ကြည့်လိုက်၊ အနားမှာ ချိတ်ထားတဲ့ ပိုးလက်ကိုင်ပဝါတွေကို ကြည့်လိုက်နဲ့။ စားပွဲတစ်လုံးမှာ ဖျံကလေးနဲ့ ရွယ်တူ ချာတိတ်ကလေး လေး ငါးယောက် ဝိုင်းထိုင်နေကြတယ်။ ဆေးတံ ကိုယ်စီခဲပြီး လူကြီးဂိုက် ဖမ်းနေတဲ့ ချာတိတ်တွေ။

ဂျက်ဒေါကင်က အဘိုးကြီးကို လှမ်းပြောလိုက်တယ်။

"သူ့ကို ကျွန်တော် ခေါ်လာခဲ့တယ် ဆရာကြီး။ ကျွန်တော့် သူငယ်ချင်း အော်လီဗာတွစ်စ်ပါ"

ဖာဂင် ဆိုတဲ့ အဘိုးကြီးက အော်လီဗာ့ကို တစ်ချက် ငုံ့ကြည့်ပြီး ပြောတယ်။

"ဝက်အူချောင်းတွေ ဒယ်အိုးထဲက ဆယ်လိုက်တော့ ဖျံလေး။ ပြီးတော့ အော်လီဗာ့အတွက် ခွေးခြေတစ်လုံး ယူခဲ့"

အော်လီဗာက ချကျွေးသမျှ အားလုံး စားတယ်။ ပြီးတော့ အဘိုးကြီး ကမ်းပေးတဲ့ ဘာမှန်း မသိတဲ့ ယမကာတစ်ခွက်ကို မော့ချလိုက်တယ်။ ခဏနေတော့ သူ့ကို တစ်ယောက်ယောက်က ပွေ့ခေါ်သွားပြီး အိတ်တစ်လုံးပေါ်မှာ အသာချလိုက်တာကို ဝိုးတဝါး သိလိုက်တယ်။ ပြီးတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။

နောက်တစ်နေ့ အိပ်ရာက နိုးတော့ နေအတော်မြင့်နေပြီ။ အခန်းထဲမှာ အဘိုးကြီးကလွဲပြီး ဘယ်သူမှ မရှိတော့ဘူး။ အော်လီဗာ အသာချောင်းကြည့်နေတယ်။ အဘိုးကြီးက ကြမ်းပြင်အောက်က သေတ္တာကလေးတစ်လုံး ထုတ်ယူလိုက်တယ်။ သူ့မျက်လုံးတွေ အရောင်တောက်လာတယ်။ အဖုံးဖွင့်ပြီး သေတ္တာထဲ ငုံ့ကြည့်တယ်။ ပြီးတော့ သေတ္တာထဲက ရွှေနာရီကလေးကို ထုတ်ယူလိုက်တယ်။ ကျောက်တွေ စီထားတော့ နာရီကလေး

က ဖိတ်ဖိတ်တောက်လို့ပေါ့။ တော်တော်တန်ဖိုးကြီးပုံ ရတယ်။ သေတ္တာထဲမှာ အခြားကျောက်မျက်ရတနာတွေလည်း ရှိသေးတယ်။ ကျောက်ကလေးတစ်လုံး ထုတ်ပြီး ကြည့်ပြန်တယ်။ စာတန်းကလေး ရေးထားပုံရတယ်။ ထုတ်ဖတ်ပြီး တစ်ယောက်တည်း ပြောနေတယ်။

''ကြည့်စမ်း၊ ဘယ်လောက်လှတဲ့ ကျောက်ကလေးလဲ။ အဲဒီကောင်က သေသာသွားရော၊ ဘာမှ မပြောဘူး''

ပြောရင်း သူ ခေါင်းမော့ကြည့်တော့ အော်လီဗာ့ကို မြင်သွားတယ်။ ကောင်လေးက သူ့ကို ချောင်းကြည့်နေတာကိုး။

ဖာဂင်က သေတ္တာကို ပြန်ပိတ်လိုက်တယ်။ ပြီးတော့ ဒေါသတကြီး အော်ပြောလိုက်တယ်။

''မင်း ဘာလို့ ငါ့ကို ချောင်းကြည့်နေတာလဲ။ မင်း ဘာတွေမြင်လဲ၊ ပြောစမ်း''

''ကျွန်တော် ခုမှ နိုးလာတာပါ ခင်ဗျာ။ ဆရာကြီး စိတ်အနှောင့်အယှက် ဖြစ်သွားရင် တောင်းပန်ပါတယ်''

''မင်း ဘာတွေ မြင်လိုက်သလဲ။ အဖိုးတန် ပစ္စည်းတွေ မင်း မြင်လိုက်သလား''

''ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် မြင်လိုက်ပါတယ်''

အဘိုးကြီးက မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး-

''အေး… အဲဒါတွေဟာ ငါ့ဟာတွေနော် အော်လီဗာ။ ဒါတွေဟာ ငါ့အတွက် အိုနာစာတွေပဲ။ ဒီသေတ္တာလေးထဲမှာ မပျောက် မပျက်အောင် ငါ သိမ်းထားတာလေ။ ဒါပေမဲ့ မင်း ဒီနေ့ ဒါတွေကို မြင်သွားတယ် ဆိုတာ မေ့ပစ်လိုက်။ ကြားလား၊ ဟုတ်ပြီနော် သား''

သြော်… ဒီပိုက်ဆံတွေနဲ့ ကလေးတွေကို သူ ကျွေးထားတာကိုး။ ဒီလို ကျွေးနိုင်အောင် လူချမ်းသာတစ်ယောက် ဖြစ်လျက်နဲ့ ဒီလိုနေရာမှာ စုတ်စုတ်ပြတ်ပြတ် နေနေတာကိုး။

သူ တွေးနေတုန်း ချာလီဘိတ်စ် ဆိုတဲ့ ကောင်လေးနဲ့အတူ ဖျံကလေး ပြန်ရောက်လာတယ်။

''သားတို့ ဒီမနက် အလုပ်ဖြစ်ခဲ့ကြလား''


George Cruikshank

ဖာဂင့် အမေးကို ချာတိတ်နှစ်ယောက်က ပြိုင်တူ ပြောပြတယ်။

''သိပ်မလွယ်ဘူး ဆရာကြီး''

ပြောပြီး သူတို့အိတ်ထဲက ပိုက်ဆံအိတ်တွေ၊ ပိုးလက်ကိုင်ပဝါတွေ ထုတ်လိုက်ကြတယ်။

ဖာဂင်က ကောင်းချီးပေးတယ်။

''အေး··· သားတို့နှစ်ယောက်စလုံး တော်တယ်။ လက်ကိုင်ပဝါကလေးတွေကို ပြန်ချုပ်ရလိမ့်မယ်။ အင်း··· အော်လီဗာ့ကိုလည်း သင်ပေးရဦးမယ်''

နံနက်စာ စားပြီးတော့ အဘိုးကြီးနဲ့ ချာတိတ်တစ်သိုက် သူ မမြင်ဖူးတဲ့ ကစားနည်းတစ်မျိုး ကစားကြတယ်။ အော်လီဗာ့အတွက် အထူးအဆန်း ဖြစ်နေတာပေါ့။

ဖာဂင်က သူ့ကုတ်အင်္ကျီအိတ်တွေထဲကို မျက်မှန်အိတ်တစ်ခု၊ လက်ကိုင်ပဝါလှလှကလေး တစ်ထည်နဲ့ တခြား အဖိုးတန်ပစ္စည်းတွေ ထည့်လိုက်တယ်။ ပြီးတော့ အခန်းထဲမှာ တုတ်တစ်ချောင်းနဲ့ ခေါက်တုံ့ခေါက်ပြန် လျှောက်တယ်။ လမ်းပေါ်မှာ လူကြီးလူကောင်းတစ်ယောက် လျှောက်နေပုံနဲ့ လျှောက်နေတာ။ လမ်းလျှောက်တုတ်ကို ထောက်ကာ ထောက်ကာနဲ့ပေါ့။ မီးလင်းဖိုနား ရပ်လိုက်၊ တံခါးဝမှာ ရပ်လိုက် လုပ်သေးတယ်။ ရံခါမှာလည်း ဈေးဆိုင်တွေရဲ့ ပြတင်းပေါက်မှာ ငေးတဲ့ပုံ လုပ်ပြတယ်။ ချာလီနဲ့ ဖျံကလေးက သူ့နောက်က ကပ်လိုက်တယ်။ သူ လှည့်ကြည့်ရင် ဟိုဘက် ပြေးကပ်၊ ဒီဘက် ပြေးကပ်နဲ့။

တစ်ခါမှာတော့ ဖျံကလေးက အဘိုးကြီးရဲ့ ခြေမကို တက်နင်းမိသွားတယ်။ အဘိုးကြီး ဟန်ချက်ပျက်သွားတဲ့ အချိန်မှာ ချာလီက မျက်မှန်အိတ်ဆတ်ခနဲ နှိုက်လိုက်တယ်။ ဒါပေမဲ့ အဘိုးကြီးက သိသွားပြီး အော်လိုက်တယ်။ ဒါနဲ့ အစက ပြန်စကြပြန်တယ်။

အဲဒီကစားနည်း ပြီးသွားချိန်မှာ အမျိုးသမီးငယ် နှစ်ယောက် ဝင်လာတယ်။ တစ်ယောက်က ဘက်တ်တဲ့။ နောက်တစ်ယောက်က နန်စီတဲ့။ ခဏနေပြီး မိန်းကလေးနှစ်ယောက်နဲ့အတူ ဖျံကလေးနဲ့ ဘိတ်စ် အပြင်ထွက်

သွားကြတယ်။ သဘောကောင်းလွန်းတဲ့ ဖာဂင်က သူတို့ကို လမ်းစရိတ်နဲ့ မုန့်ဖိုး ပေးလိုက်သေးတယ်။

"သူတို့ အလုပ်သွားတာလား ဆရာကြီး"

အော်လီဗာ မေးလိုက်တယ်။

"ဟုတ်တယ်၊ သူတို့က သင်ရိုးကုန်သွားကြပြီလေ။ သူတို့ဆီက မင်း ပြန်သင်ယူရမယ်။ အထူးသဖြင့် ဖျံကလေးဆီက သင်၊ သူက ပါရမီရှင်။ သူက နည်းကို ဆရာစား မချန်ဘဲ သင်ပေးလိမ့်မယ်။ ဒါထက် လက်ကိုင်ပဝါ အိတ်ထဲက ထွက်နေသလား၊ ကြည့်ပေးစမ်းပါကွာ"

"ဟုတ်ကဲ့··· ထွက်နေတယ်"

"ကဲ·· မင်း ဆွဲယူစမ်း၊ ငါ လုံးဝ မသိလိုက်အောင် ဆွဲယူနော်"

ဖျံကလေး နှိုက်တာကို ကြည့်ထားတဲ့ အော်လီဗာက အသာလေး ဆွဲယူပြီးမှ ဆတ်ခနဲ ဆွဲထုတ်လိုက်တယ်။

"အေး·· မင်း သိပ်တော်တယ်။ ရော့·· မင်းဖို့ မုန့်ဖိုး၊ အဲဒီအတိုင်း ဆို မင်း လူတော်လေးတစ်ယောက် ဖြစ်လာမှာ သေချာတယ်"

အော်လီဗာ ဘာမှ နားမလည်နိုင်အောင် ဖြစ်သွားတယ်။ သူ့ အိတ်ထဲက လက်ကိုင်ပဝါ တစ်ထည် ဆွဲယူလိုက်တာနဲ့ ဘာလို့ လူတော် တစ်ယောက် ဖြစ်သွားရမှာလဲပေါ့။

❑

# အခန်း (၄)

## အော်လီဗာ ထောင်ချောက်ထဲ ဝင်ပြီးမှ လွတ်မြောက်ခြင်း

အော်လီဗာက ဘယ်မှ မထွက်ဘဲ အိမ်ထဲမှာပဲ နေရတာ များတယ်။ ဖာဂင်ရဲ့ လက်ကိုင်ပဝါတွေမှာ ထိုးထားတဲ့ နာမည်တွေကို လိုက်ဖျက်ရတယ်။ ပြီးတော့ သူနဲ့ ကစားရတယ်။ သိပ်မကြာခင်မှာပဲ သူ အပြင်ထွက်ပြီး အလုပ်လုပ်ချင်ကြောင်း ဖာဂင့်ကို ပူဆာတယ်။ တစ်နေ့ မနက်မှာ ဖာဂင်က သူ့ကို လက်တွေ့ဆင်းဖို့ ဖျံကလေးနဲ့ ချားလီစ်ဘိတ်စ်တို့နောက် ထည့်လိုက်တယ်။

ချာတိတ် နှစ်ယောက်က လူမြင်ကွင်းထဲ သိပ်မဝင်ဘူး။ တစ်ခုခုကို အလစ်ချောင်းနေတဲ့ ပုံမျိုး။ တစ်ချိန်မှာတော့ ဝတ်ကောင်းစားလှနဲ့ လူကြီးလူကောင်းတစ်ယောက် နောက်ကို သူတို့နှစ်ယောက် အသာကပ်လိုက်သွားတယ်။ လူကြီးက ဆံပင်တွေ ဖြူနေပြီ။ ရွှေကိုင်းမျက်မှန်နဲ့။ စာအုပ်ဆိုင်တစ်ဆိုင် ရောက်တော့ ရပ်ပြီး စာအုပ်တစ်အုပ် ယူပြီး ဖတ်နေတယ်။


George Cruikshank

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် အော်လီဗာ မျက်လုံးပြူးသွားတယ်။ ဖျံကလေးက လူကြီးရဲ့ အိတ်ထဲကို ဖျတ်ခနဲ လက်နှိုက်ပြီး လက်ကိုင်ပဝါကို ဆတ်ခနဲ ဆွဲထုတ်လိုက်တယ်။ ပြီးတော့ ချာလီဘိတ်စ်ကို ချက်ချင်း ကမ်းပေးလိုက်တယ်။ ပြီးတာနဲ့ လမ်းထောင့်ကို သူတို့နှစ်ယောက် တစ်ကြိုးတည်း ပြေးကြတော့တာပဲ။

အဲဒီတော့မှ ဖာဂင်ရဲ့ ကျောက်မျက်ရတနာတွေ၊ လက်ကိုင်ပဝါတွေရဲ့ ဇာတ်လမ်းကို အော်လီဗာ သဘောပေါက်သွားတယ်။ သူ ခဏကြောင်ပြီး ရပ်နေတယ်။ ပြီးမှ ကြောက်စိတ်တွေ ဝင်လာပြီး ပြေးထွက်လာခဲ့တယ်။

အဲဒီအချိန်မှာပဲ စာဖတ်နေတဲ့ လူကြီးက သူ့အိတ်ကို စမ်းကြည့်တယ်။ လက်ကိုင်ပဝါ မရှိတော့တာ တွေ့တော့ ပြေးနေတဲ့ အော်လီဗာ့ကို လက်ညှိုးထိုးပြီး အော်ပါလေရော။

"သူခိုး··· သူခိုး၊ အဲဒီကောင်လေးကို ဝိုင်းဖမ်းကြပါ"

လူတွေက အော်လီဗာ့နောက်ကို ပြေးလိုက်သွားကြတယ်။ ရှေ့က ပြေးနေတဲ့ နှစ်ယောက်ကလည်း "သူခိုး၊ သူခိုး" လို့ အော်တယ်။ ခွေးဟောင်သံတွေ၊ လူတွေ အော်သံတွေ ဆူညံသွားတယ်။ လမ်းထောင့်ချိုးမှာ တစ်ယောက်နဲ့ တစ်ယောက် ဝင်တိုက်တဲ့လူ တိုက်၊ လဲတဲ့လူ လဲနဲ့ ရှုပ်ယှက်ခတ်သွားတယ်။

အော်လီဗာက ကြောက်ကြောက်နဲ့ စွတ်ပြေးနေတယ်။ တစ်နေရာမှာတော့ တစ်ယောက်ယောက်က သူ့ကို ဆွဲထိုးတာ ခံလိုက်ရတယ်။ သူ မြေကြီးပေါ် ကားခနဲ ကျသွားတယ်။ မော့ကြည့်လိုက်တော့ ဖယောင်းရုပ်မျက်နှာနဲ့ လူတစ်ယောက်။ ရှုံ့နေတဲ့ မျက်နှာကြီးနဲ့ သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်နေပြီး လူတွေ တဖြည်းဖြည်း များလာတာနဲ့ သူ လှည့်ထွက်သွားတယ်။ လူအုပ်ထဲမှာ လက်ကိုင်ပဝါ အခိုးခံလိုက်ရတဲ့ လူကြီးကိုပါ အော်လီဗာ လှမ်းမြင်လိုက်တယ်။

ရဲသားတစ်ယောက် ချက်ချင်း ရောက်လာပြီး အော်လီဗာ့ အင်္ကျီကော်လာကို ဖမ်းဆွဲလိုက်တယ်။

"ကျွန်တော် မဟုတ်ဘူး၊ ကျွန်တော် မဟုတ်ဘူး။ ဟိုနှစ်ယောက်ဗျ"


To Be DRUNK
ON THE Pre-
MISSES
Licensed to sel Beer by Retail
Fine Ale
3d
pr Pot
George Cruikshank

အော်လီဗာ အော်ပြောနေတုန်း လူကြီးတစ်ယောက်က ဝင်ပြောတယ်။ သူ့လေသံက အေးအေးဆေးဆေးနဲ့ ကြင်နာ သနားတတ်တဲ့ အသံမျိုး။

"ကလေးကို ဘာမှ မလုပ်ပါနဲ့"

ရဲက အော်လီဗာ့ကို အချုပ်ခန်းထဲ ထည့်ပြီး သူ့ကိုယ်မှာ ရှာတယ်။ ဘာမှ မတွေ့ဘူး။

မစ္စတာဘရောင်းလို ဆိုတဲ့ လူကြီးက အော်လီဗာ့ကို ကြည့်ပြီး အပြစ် မရှိဘူးလို့ ထင်နေတယ်။ သူ အမှန်အတိုင်း ပြောတာလို့ ယုံကြည်နေတယ်။ ပြီးတော့ ဒီကလေးရဲ့ မျက်နှာကို သူ မြင်ဖူးတယ် ထင်လာတယ်။

*အင်း.. တစ်မျိုးပါလား။ တစ်ယောက်ယောက်နဲ့ တူတာတော့ သေချာတယ်။ သူ့မှာ အပြစ်မရှိတာကော သေချာပါ့မလား။*

မစ္စတာဘရောင်းလိုက ဒီကလေးရဲ့ မျက်နှာမျိုးကို ဘယ်မှာ မြင်ဖူး ပါလိမ့်လို့ ပြန်စဉ်းစားတယ်။ သူ့ကို မြင်ဖူးပါတယ်လို့ စိတ်ထဲ စွဲနေတယ်။ ဘယ်မှာ မြင်ဖူးတယ်၊ ဘယ်တုန်းက မြင်ဖူးတယ် ဆိုတာ စဉ်းစားမရ ဖြစ်နေ တယ်။

သိပ်မကြာခင်မှာပဲ ခါးပိုက်နှိုက်ခံရတဲ့ လူကြီးမင်းရယ်၊ အော်လီဗာရယ် တရားသူကြီးရဲ့ ရှေ့မှောက်မှာ ရပ်နေကြပါပြီ။ တရားသူကြီးရဲ့ နာမည်က မစ္စတာဖန်း။ ရက်စက်မှုအပေါင်း သရုပ်ဖူဆောင်းတယ်လို့ နာမည်ကြီးတဲ့ တရားသူကြီးပါ။


ရဲသားက တရားခံကို ဖမ်းမိလာကြောင်း တရားသူကြီးကို အစီရင် ခံပါတယ်။ ဒါပေမဲ့ သူ့ကိုယ်မှာ ရှာတော့ ဘာခိုးရာပါ ပစ္စည်းမှ မတွေ့ ကြောင်းလည်း ထည့်ပြောပါတယ်။

မစ္စတာဘရောင်းလိုက အကိုးအကြောင်း ဝင်ရှင်းပြပေးမယ့် တရားသူကြီး က နားမဝင်ပါဘူး။ တရားသူကြီးဖန်းက အော်လီဗာ့ကို ကြည့်ပြီး မေးတယ်။

"မောင်မင်း နာမည်"

အော်လီဗာ ဖြေဖို့ ကြိုးစားတယ်။ ဒါပေမဲ့ အကြောက်လွန်ပြီး ဘာ တစ်ခွန်းမှ သူ့နှုတ်က ထွက်မလာပါဘူး။ မေ့မြောသွားမလို ဖြစ်သွားတယ်။ တရားရုံး ခန်းမကြီးတစ်ခုလုံး သူ့ မျက်စိထဲမှာ ချာချာလည်နေတယ်။

တရားသူကြီး မေးတဲ့မေးခွန်းကို မဖြေနိုင်ပါဘူး။ အဲဒီမှာ တရား


George Cruikshank

သူကြီးမင်း ပိုပြီး ဒေါသအမျက် ခြောင်းခြောင်းထွက်တော့တာပါပဲ။ ရဲက သူ့ဒေါသကို ထိန်းပေးပါတယ်။

''တရားသူကြီးမင်း ခင်ဗျား၊ သူက သူ့နာမည်ကို တွမ်ဝှိုက်လို့ ပြောပါတယ်''

အဲဒီမှာ အော်လီဗာ ခေါင်းထောင်လာတယ်။ ဟိုဟိုဒီဒီ ဝေ့ကြည့်ပြီး သောက်ရေ တောင်းတယ်။

''ဟော့ကောင်လေး၊ မင်း ငါ့ကို အရူးမလုပ်နဲ့''

တရားသူကြီး ဒေါသအမျက် ခြောင်းခြောင်းထွက်နေပြီ။

ရဲအရာရှိက ပြောတယ်။

''တရားသူကြီးမင်း ခင်ဗျား၊ သူ တကယ်နေမကောင်း ဖြစ်နေပါတယ်''

အဲဒီမှာတင် အော်လီဗာ ကြမ်းပြင်ပေါ် ပုံလဲကျသွားပါတော့တယ်။ အဲဒီမှာ တရားသူကြီးက မိန့်ပါတယ်။

''ထားလိုက်၊ ဒီအတိုင်း ထားလိုက်၊ မူရာမာယာတွေ။ ခဏနေ သူ ပြန်ထလာလိမ့်မယ်''

ရှေ့ဖတ်စာရေးက ကလေးကို ငုံ့ကြည့်ပြီး တရားသူကြီးမင်းကို ပြန်မေးတယ်။

''ကျွန်တော် ဘာဆက်လုပ်ရမှာပါပဲ တရားသူကြီးမင်း ခင်ဗျ''

''အလုပ်ကြမ်းနဲ့ ထောင်ဒဏ် သုံးလ ချလိုက်တယ်။ ရုံးဆင်းပြီ။ ဒါပဲ''

တရားသူကြီး မစ္စတာဖန်းရဲ့ စီရင်ချက် ဖြစ်ပါတယ်။ လူ နှစ်ယောက်က သူငယ်လေးကို သယ်ယူသွားဖို့ ပြင်နေတုန်းမှာ အဘိုးကြီး တစ်ယောက် တရားသူကြီးဆီ အပြေးလျှောက်သွားတယ်။

''ရုံးဆင်းပြီ''

ဟု တရားသူကြီးက ပိတ်ပြောတော့ လူကြီးက ဇွတ်ဝင်ပြောတယ်။

''ရုံးဆင်းပေမယ့် ကျုပ် ပြောစရာ ရှိတာတော့ ပြောရလိမ့်မယ်။ ခါးပိုက်နှိုက် ဘယ်သူဆိုတာ ကျုပ် သိတယ်။ ကျုပ် ကောင်းကောင်း မြင်လိုက်တယ်''